EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၆)၊ မေလ (၂၁) ရက်၊ ၂၀၁၆

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ရေးရာကော်မတီအဖွဲ့ ဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ


ဓာတ်ပုံ - မကွေးတိုင်းဒေသကြီးလွှတ်တော် facebook page

(၁၁.၅.၂၀၁၆) ရက်၊ နံနက်(၁၀:၀၀) နာရီအချိန်တွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ရုံးခန်းတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နှင့် ရေးရာကော်မတီအဖွဲ့ဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌမှ ကော်မတီသက်တမ်း (၁) လအတွင်းကော်မတီ၏ လုပ်ဆောင်ချက်များ အားနည်းနေပါသဖြင့် ပြည်သူလူထုနှင့် ကွင်းဆင်းထိတွေ့ပြီး ပြည်သူများ၏ အသံ ပြည်သူများ၏ ဆန္ဒများကိုယခုထက်ပိုမို၍ သိမြင်စေရန် ဆောင်ရွက်သင့်ပါကြောင်း၊ ကော်မတီများအနေဖြင့်လည်း မိမိတို့ကော်မတီနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဥပဒေ၊ နည်းဥပဒေများကို လေ့လာဖတ်ရှုထားရှိရန် လိုအပ်ပါကြောင်းနှင့် ကော်မတီအဖွဲ့များ ကွင်းဆင်းဆောင်ရွက်မည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌထံ ကြိုတင်၍ တင်ပြခွင့်ပြုချက်ရယူရန် လိုအပ်ပါကြောင်းဆွေးနွေးခဲ့ပြီး အစည်းအဝေးကို (၁၁:၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

*(ကိုးကား - မကွေးတိုင်းဒေသကြီးလွှတ်တော် Facebook Page)*

## ပြည်နယ်လွှတ်တော်ရေးရာကော်မတီ အစည်းအဝေးများ ကျင်းပ


ဓာတ်ပုံ - www.monhluttaw.com


ဓာတ်ပုံ - www.monhluttaw.com

(၁၃-၅-၂၀၁၆) ရက်နေ့၊ (၁၀း၀၀) နာရီအချိန်က မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဥပဒေပြုရေးဆိုင်ရာ ကော်မတီအစည်းအဝေးကိုလည်းကောင်း၊ ရေးရာကော်မတီအစည်းအဝေးခန်းမတွင် တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာနှင့်အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မတီ အစည်းအဝေးကိုလည်းကောင်း ကျင်းပြုလုပ်ခဲ့ပါသည်။

တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာနှင့်အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီအစည်းအဝေးတွင် တိုင်ကြားထားသည့် တိုင်ကြားစာ ကိစ္စများအား ဆွေးနွေးကြပါသည်။

ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အစည်းအဝေးတွင် အလတ်စားနှင့် အသေးစား ပုဂ္ဂလိက လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေ(မူကြမ်း) ကို ဆွေးနွေးခဲ့ပါသည်။

*(ကိုးကား - www.monhluttaw.com)*

*"သက်တမ်းငါးနှစ်အတွင်းမှာ အဓိက လုပ်ဆောင်သွားမှာ နှစ်ချက်ရှိတယ်။ လျှပ်စစ်မီးကို တစ်ယူနစ် ကျပ် ၁၀၀ ထက်နည်းတဲ့နှုန်းထားနဲ့ တစ်တိုင်းလုံးကို မီးရအောင် လုပ်မယ်။ နောက်တစ်ခုက ရွှေ့ပြောင်းလုပ်သားတွေကို ၁၀၀ ရာခိုင်နှုန်း မဟုတ်ရင်တောင် သုံးပုံနှစ်ပုံလောက်ကို ကျွန်မတို့ ဒေသကို ပြန်ခေါ်နိုင်အောင် လုပ်မယ်"*

(ဒေါ်လဲ့လဲ့မော်၊ ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာတိုင်းမ်နှင့် အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်။)

*"ယာဉ်ကြောကျပ်တည်းတယ်ဆိုတာက ရက်တွေ တော်တော်များများကြာအောင် ဖြေရှင်းပေးရမှာဖြစ်တဲ့အတွက် ဒီ အခြေအနေမျိုးကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အဖွဲ့ တစ်ခု ထူထောင်ပါ မယ်။ ဒီအဖွဲ့က ရန်ကုန်တစ်မြို့လုံးကို တိုက်ရိုက် ထိန်းချုပ်၊ ချိန်ညှိပြီး ဆောင်ရွက်ပေးဖို့ ကိစ္စရပ်တွေ လုပ်ပါ မယ်။ နောက်ပြီး မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေ တွေကို မြို့နယ်အုပ်ချုပ်ရေးယန္တရားကနေ ပူးပေါင်းပြီးတော့ ပါဝင်ဆောင်ရွက်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်"*

(ဦးဖြိုးမင်းသိမ်း၊ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ MOI Webportal Myanmar Facebook Page မှ ကောက်နုတ်ဖော်ပြသည်)

EMReF
Enlightened Myanmar Research Foundation

# မကွေးတိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်မှုအနေအထား

မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ယင်းကော်မတီဖွဲ့စည်းပြီးနောက်ပိုင်း ကော်မတီသို့ ဦးတည်ကာ တိုင်ကြားစာ ၃၈ ကျော် ရောက်ရှိထားပြီ ဖြစ်သည်။ သို့သော်လည်း ကော်မတီမဖွဲ့မီ လွှတ်တော်သို့ တိုင်ကြားစာ ၅၈၈ ဝန်းကျင် ရောက်ရှိထားရာ ယင်းတိုင်ကြားစာများကို ကော်မတီက စိစစ်နေပြီး ဖြေရှင်းပေးနိုင်သည်များကို ဖြေရှင်းရန် ဆောင်ရွက်နေသည်ဟု သိရသည်။

တိုင်ကြားစာကော်မတီဖွဲ့ပြီးနောက်တွင် ပထမအကြိမ် ကော်မတီအစည်းအဝေးပြုလုပ်ခဲ့ပြီး ဖြစ်သည်။ အဓိကအားဖြင့် တိုင်ကြားစာများကို လွှတ်တော်၏ တိုင်ကြားစာဌာနကလက်ခံပြီး တိုင်ကြားစာကော်မတီဥက္ကဋ္ဌထံ ပြန်လည်လွှဲပြောင်းပေးသည်။ တိုင်ကြားစာကော်မတီက စိစစ်သုံးသပ်ရသည်။ အချို့သောတိုင်ကြားစာများအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူးတို့က ဖတ်ပေးရသည်များလည်း ရှိသည်။ အဓိကအားဖြင့် လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ခွဲဝေပေးခြင်း ဖြစ်သည်။ တိုင်ကြားစာကော်မတီကို တိုက်ရိုက်လိပ်မူတိုင်ကြားသည့်စာများကိုမူ ကော်မတီသို့ မြန်မြန်ဆန်ဆန် လွှဲပြောင်းပေးသည်။

တိုင်စာအမျိုးအစားများမှာ လယ်ယာမြေအငြင်းပွားမှု၊ အသိမ်းဆည်းခံလယ်ယာမြေကိစ္စများ၊ အုပ်ချုပ်ရေးမှူး အကြောင်း မကျေနပ်ချက်များ၊ ပညာရေးဘက်မှ အချို့ကိစ္စများ ဖြစ်သည်ဟု တွေ့ရသည်။ ကော်မတီများ၏ စိစစ်သုံးသပ်မှုများကို လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုဥက္ကဋ္ဌတို့ထံ ပြန်လည်တင်ပြရမည်ဖြစ်သည်။ အချို့သော သုံးသပ်မှုများကို အစီရင်ခံစာတင်ပြပြီးမှ လွှတ်တော်ကတစ်ဆင့် အစိုးရကို ဆောင်ရွက်ခိုင်းမည်ဖြစ်ကာ အချို့သုံးသပ်မှုများကိုမူ ကော်မတီ၏ဆုံးဖြတ်ချက်၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ သက်ဆိုင်ရာတိုင်ကြားစာနှင့် ဆက်စပ်နေသောဌာနများအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးရန် တိုက်တွန်းသွားမည်ဖြစ်သည်။

တစ်ဖက်တွင်လည်း တိုင်ကြားသူများထံကို ကော်မတီမှ တိုင်ကြားစာကို လက်ခံရရှိကြောင်း၊ မည်သည့် ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ မည်သို့ဖြေရှင်းပေးနေကြောင်း၊ မည်သည့်ဌာနကို အကြောင်းကြားပြီး ဖြေရှင်းနေကြောင်း၊ မပြည့်စုံသေးသည့်စာများကိုလည်း မည်သို့ဆက်လက်တိုင်ကြားပါရန် စသည်ဖြင့် စာဖြင့် အကြောင်းပြန်သွားမည်ဖြစ်သည်။

အစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်ကို လိပ်မူပြီး ကော်မတီကို မိတ္တူပေးပို့သည့်စာများကိုမူ ကော်မတီက တိုက်ရိုက်ဖြေရှင်းခြင်း မပြုဘဲ သက်ဆိုင်ရာအစိုးရကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဌာနများကို တိုက်တွန်းတင်ပြရန် ဖြစ်သည်။

*(ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးကျော်နှင့် မဇ္ဈိမသတင်းဌာနတို့၏ တွေ့ဆုံမေးမြန်းမှုနှင့် မကွေးတိုင်းဒေသကြီးလွှတ်တော် Facebook Page ကို ကိုးကား ဖော်ပြသည်)*

မကွေးတိုင်းဒေသကြီးလွှတ်တော်
တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | ကော်မတီတာဝန် |
|---|---|---|---|
| ၁ | ဦးနေမျိုးကျော် | မင်းဘူးမဲဆန္ဒနယ် အမှတ်(၂) | ဥက္ကဋ္ဌ |
| ၂ | ဦးဌေးဝင်း | ထီးလင်းမဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| ၃ | ဦးဟန်ဇော်ဝင်း | ပခုက္ကူမဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| ၄ | ဦးဇော်မိုးအောင် | သရက်မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| ၅ | ဦးစိုးဝင်း | ချောက်မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| ၆ | ဒေါ်ညိုညိုဦး | စေတုတ္တရာမဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| ၇ | ဦးအောင်ဆန်းဝင်း | ဂန့်ဂေါမဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| ၈ | ဦးသက်နိုင် | မြိုင်မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| ၉ | ဦးအေးလှိုင်ဦး | မင်းတုန်းမဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| ၁၀ | ဗိုလ်ကြီးတင်ဌေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၁ | ဦးကျော်ဌေး | မကွေးမဲဆန္ဒနယ် အမှတ်(၁) | အတွင်းရေးမှူး |

ပြည်နယ်နှင့်
တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀

## တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ

ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် အသီးသီး အ တွက် တပ်မတော်သား လွှတ် တော် ကိုယ်စားလှယ် အရေ အတွက် စုစုပေါင်းမှာ ၂၂၀ ဦး ( ကြည်း ၂၀၃ ဦး၊ ရေ ၁၀ ဦး၊ လေ ၇ ဦး) ဖြစ်သည်။ ယင်းတို့တွင် ဗိုလ်မှူးချုပ် ၁ ဦး၊ ဗိုလ်မှူးကြီး ၁၄ ဦးနှင့် ဒုတိယဗိုလ်မှူးကြီး ၁၈ ဦးတို့ ပါဝင်သည်။

ပြည်သူ့လွှတ်တော်အတွက် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းမှာ ၁၁၀ ဦး ဖြစ်သည်။ ယင်းတို့တွင် ဗိုလ်ချုပ် ၂ ဦး၊ ဗိုလ်မှူးချုပ် ၆ ဦး၊ ဗိုလ်မှူးကြီး ၇ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၃၉ ဦးနှင့် ဗိုလ်မှူး ၅၆ ဦး ပါဝင်သည်။

အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကိုယ်စားလှယ် ၅၆ ဦးရှိပြီး ယင်းတို့တွင် ဗိုလ်ချုပ် ၁ ဦး၊ ဗိုလ်မှူးချုပ် ၆ ဦး၊ ဗိုလ်မှူးကြီး ၄ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၁၀ ဦး၊ ဗိုလ်မှူး ၃၅ ဦးနှင့် ဗိုလ်ကြီး ၁ ဦးတို့ ပါဝင်သည်။

လွှတ်တော်သုံးရပ်စလုံးအတွက် တပ်မတော်သား ကိုယ်စားလှယ်များထဲတွင် အမျိုးသမီး တပ်မတော်အရာရှိ ၃ ဦး ပါဝင်သည်။

*(ကိုးကား - www.elevenmyanmar.com)*

## သတင်းတို

➤ မော်လမြိုင် တိုးချဲ့ကမ်းနားလမ်း အပိုင်း ၆ စီမံကိန်း ရန်ပုံငွေ အငြင်းပွားနေမှုနှင့် စီမံကိန်းအားနည်းချက်များကို တစ်လအတွင်း စစ်ဆေးမည် ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောကြားသည်။

*(Hinthar Media Facebook page မှ ကောက်နုတ်ဖော်ပြသည်)*

➤ တိုင်းဒေသကြီးအနေနှင့် အခွန်ကောက်ခံနိုင်မှု ကဏ္ဍများမှာ နည်းပါးပြီး တိုင်းဒေသကြီး ဘက်ဂျက်သည် ပြည်ထောင်စုအစိုးရ၏ ပံ့ပိုးမှုနှင့်ပင် ရပ်တည်နေရသည်။ ယင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံကြောင့် ဖြစ်သည်ဟု ယူဆရကာ အနာဂတ်တွင်မူ ဗဟိုချုပ်ကိုင်မှုကို လျော့ချပြီး ဘဏ္ဍာငွေ စီမံခန့်ခွဲမှုတွင် တိုင်းဒေသကြီးအဆင့်ကို ပိုမိုလုပ်ပိုင်ခွင့်ပေးလာလိမ့်မည်ဟု ယုံကြည်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက ပြောသည်။

*(Mizzima Burmese နှင့် အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်)*

## မွန်ပြည်နယ်လွှတ်တော်က ကျောက်မိုင်းလုပ်ငန်းများကို ရှောင်တခင်စစ်ဆေးမည်

သောကြာ၊ ၆ မေ၊ ၂၀၁၆

သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးအတွက် ကျောက်မိုင်းတူးဖော်ရေး လုပ်ငန်းများကို ၂၄နာရီ ကြိုတင် အကြောင်းကြား၍ ရှောင်တခင် စစ်ဆေးမှု ပြုလုပ်သွားမည် ဖြစ်ကြောင်း မွန်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လေ့လာစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးဇံက ဟသ်ာမီဒီယာသို့ ပြောကြားသည်။

"ကျွန်တော်တို့ ကျောက်မိုင်းကို အရင်ဆုံးကိုင်မယ်၊ အခု လောလောဆယ် ပထမဆုံးအနေနဲ့ မွန်ပြည်နယ်အတွင်းမှာ ရှိတဲ့ ကျောက်မိုင်းတွေနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အချက်အလက်တွေ စုဆောင်းနေတယ်" ဟု ဒေါက်တာအေးဇံက ပြောသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ၂၄ နာရီသာ ကြိုတင်အသိပေးပြီး စစ်ဆေးဖို့ ပြင်ဆင်နေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"ကျောက်မိုင်းနဲ့ ပတ်သက်ပြီး မေးကြည့်တော့ ဒါတွေကို ထွေအုပ်က ကိုင်ထားတာ တွေ့ရတယ်၊ မလုပ်ဘူးလို့ ကျွန်တော်တို့ကို မပြောနဲ့၊ စီးပွားရေးဖြစ်တဲ့အတွက် လုပ်ပါ၊ ဒါပေမယ့် သဘာဝပတ်ဝန်းကျင်ကို အထိခိုက်အနည်းဆုံးဖြစ်ဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့တော့ ပြန်လုပ်ပေးရမယ်" ဟု ဒေါက်တာအေးဇံက ဆိုသည်။

အဆိုပါ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ၃ လခန့် အချိန်ယူကာ ပထမဆုံး ဦးစားပေး ဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

" ဒီလို စစ်ဆေးတဲ့အပေါ်မှာတော့ ထွေထွေထူးထူး ပြောစရာ မရှိပါဘူး၊ သူတို့ စစ်ဆေးတယ် ဆိုတာကလည်း ကျွန်တော်တို့ လုပ်ရမယ့်တာဝန်တွေကို သိချင်လို့ နေမှာပေါ့၊ ကျွန်တော်တို့ကတော့ ပုံမှန်ပဲ လည်ပတ်သွားနေမှာပဲ" ဟု Long Life Agreegeate Mining ကုမ္ပဏီဒါရိုက်တာ ဦးအောင်သက်ဌေးက ဆိုသည်။

*(ဇိုးဝ ရေးသားသည်)* *(ကိုးကား - Hinthar Media Coporation)*

## သတင်းဓာတ်ပုံ



(ဓာတ်ပုံ - တောင်တွင်းကြီး NLD သတင်းနှင့်ပြန်ကြားရေး Facebook page)

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်သာ(၂)အုပ်စု ထန်းပင်ကုန်းကျေးရွာ ပြည်သူများနှင့် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင် (ခ) ဦးလှိုင်လှိုင်တို့ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာမှတင်ပြလာသည့်လျှပ်စစ်မီး၊ အလယ်တန်းကျောင်းအုပ်ဆရာ(၁) ဦး၊ အလယ်တန်းပြကျောင်းဆရာ(၁) ဦး လိုအပ်နေသည်များကို မှတ်တမ်းတင်၍ ပြည်သူများ မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့စဉ်။

*(တောင်တွင်းကြီး NLD သတင်းနှင့်ပြန်ကြားရေး Facebook page မှ ကောက်နုတ်ဖော်ပြသည်။)*



ဓာတ်ပုံ - Chin World

ဟားခါးမြို့တော်ကို ရွှေ့ပြောင်းရန် ဖလမ်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် U Con Kheng က အဆိုတင်သွင်းထားပြီး ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်က သွားရောက်ကြည့်ရှုထားသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးနယ်စပ်တွင် တည်ရှိသော နိမ်ဇော်လ် (Nim Zawl) ကျေးရွာကို တွေ့ရစဉ်။ ထိုနေရာသည် ကလေးမြို့နှင့် ငါးမိုင်ခန့်သာ ကွာဝေးသည်။

*(Chin World Facebook Page မှ ကောက်နုတ်ဖော်ပြသည်)*

**သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။**

EMReF
Enlightened Myanmar
Research Foundation